
# ခေတ်သစ်သို့ဝင်ရောက်သောတရုတ်နိုင်ငံသည် ကမ္ဘာ့အတွက်ထောက်ပံ့မှုများလုပ်ဆောင်ပေးမည်



တရုတ်ထူးခြားချက်လက္ခဏာရှိ ဆိုရှယ်လစ်စနစ်သည် ခေတ်သစ်သို့ဝင်ရောက်နေပြီး တရုတ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ သမိုင်းကြောင်းလားရာဖက်ဖြစ်သည်ဟု ရှီကျင့်ဖျင်က တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာထဲတွင် တင်ပြထားသည်။ သမိုင်းလားရာဖက် ပန်းတိုင်အသစ်တွင် ရပ်တည်ပြီးချမ်းသာလာခြင်းနှင့်ကြီးထွားလာခြင်းကို ဖြစ်မြောက်လာနေသော ကြီးမားခိုင်မာသည့် တရုတ်နိုင်ငံသည် ကမ္ဘာကို အနာဂတ်တွင်မည်သို့ သက်ရောက်မှုရှိနိုင်မည်နည်း။

ယခုနှစ်ဩဂုတ်လတွင် ပြင်သစ်ဈေးကွက်မေးမြန်းစုံစမ်းမှုအဖွဲ့အစည်းရီဖူစောသည် တရုတ်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျပန်စသည့် နိုင်ငံ(၂၆)ခုမှပြည်သူများအပေါ် စစ်တမ်းပြုခဲ့ရာ တရုတ်နိုင်ငံသား(၈၇%)သည် နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တက်ကြွသည့်စိတ်ထားမျိုးထားရှိနေပြီး စစ်တမ်းပြုစုသည့်နိုင်ငံများထဲတွင် ပထမနေရာရပ်တည်သည်။ ယင်းသည် အပြောင်းအလဲများသော ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေအတွက် ပြည့်ဝသော "စွမ်းအား" များဖြည့်စွက်ပေးခြင်းဖြစ်ကြောင်း နိုင်ငံခြားမီဒီယာများမှ အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။

တရုတ်နိုင်ငံမှပေးသော စံနမူနာများနှင့် အတွေ့အကြုံများသည် လာဘ်စားမှုတိုက်ဖျက်ရေးနယ်ပယ်တွင် ထင်ရှားလျက်ရှိနေပါသည်။ ယခုဇင်ဘာဘွေအစိုးရပါတီ အာဖရိကတိုက်တိုင်းရင်းသားညီလာခံ-ပြည်ချစ်လိုင်း ဗဟိုအစိုးရညွှန်ကြားရေးမှူးရုံး ကော်မတီအဖွဲ့ဝင်တာဝန်ကို ထမ်းဆောင်နေသော ဇင်ဘာဘွေမီဒီယာ၊ သတင်းနှင့်ပြန်ကြားရေးဝန်ဆောင်မှုဝန်ကြီးဌာနဝန်ကြီး စိုင်မန် • မော်ယွက်သည် ယင်းအပေါ် အထူးလေးနက်စွာ စိတ်မှာစွဲနေခဲ့သည်။ "ကျွန်တော်တို့သည် တရုတ်ကွန်မြူနစ်ပါတီမှ လုပ်ဆောင်သော လာဘ်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုကို အထူးလေးစားပါတယ်။ ဇင်ဘာဘွေမှာ ကျွန်တော်တို့လည်း လာဘ်စားမှုကို တိုက်ဖျက်နေရပါတယ်။ ဒါပေမဲ့အရမ်းခက်ခဲပါတယ်။ ကျွန်တော်တို့က တရုတ်နိုင်ငံ၏ လာဘ်စားမှုတိုက်ဖျက်ရေးအတွေ့အကြုံကို သင်ယူသင့်ပါတယ်။ အထူးသဖြင့် ကျွန်တော်တို့ လာဘ်စားမှုတိုက်ဖျက်သည့် ဝန်ထမ်းများသည် ယင်းအတွင်းမှ များစွာသင်ယူနိုင်ပါသည်။"ဟု သူကပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိ အကြီးဆုံးအစိုးရပါတီဖြစ်သော တရုတ်ကွန်မြူနစ်ပါတီ (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံအစီရင်ခံစာထဲမှာ "တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်ပြည်သူများအတွက် သာယာအေးချမ်းမှုရှာဖွေပေးသော အစိုးရပါတီဖြစ်သကဲ့သို့ လူသားတိုးတက်မှုလုပ်ငန်းအတွက် ကြိုးစားရုန်းကန်သော အစိုးရပါတီလည်းဖြစ်သည်။"ဟု လေးနက်စွာဖော်ပြထားသည်။ ယင်းအပေါ်တရုတ်နိုင်ငံလာအိုအခြေစိုက် သံအမတ်ကြီးဗစ္စဝမ်တီ • ပူထာစအုန်းသည် အထူးသဘောတူသည်။ "တရုတ်ကွန်မြူနစ်ပါတီသည် ငြိမ်းချမ်းရေးကိုမြတ်နိုးသော၊ ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထားသော၊ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားသော အစိုးရပါတီဖြစ်သည်။ သူမသည်လွတ်လပ်ပြီးငြိမ်းချမ်းသော နိုင်ငံခြားဆက်ဆံရေးပေါ်လစီကိုကျင့်သုံးပြီး ကမ္ဘာ့ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုများလုပ်ဆောင်ပေးခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီက တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် ဒေသနယ်ပယ်နှင့် ကမ္ဘာ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်ရေးများနှင့် မကင်းကွာနိုင်ပါကြောင်း လေးနက်စွာ ခံယူထားသည်။ တရုတ်ကွန်မြူနစ်ပါတီသည် တရုတ်နိုင်ငံအား အပြင်သို့လျှောက်လှမ်းသော ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ဦးဆောင်နေပြီး လာအိုအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော အတွေ့အကြုံများကို ထောက်ပံ့ပေးနိုင်သည်။"

ယခု ကမ္ဘာတွင်ရင်ဆိုင်နေသော ကုန်သွယ်မှုကာကွယ်ရေးဝါဒ၊ ဂလိုဘယ်လိုက်ဇေးရှင်းဆန့်ကျင်မှုနှင့် နာဇီဝါဒအတွေးအခေါ်များ၏ စိန်ခေါ်မှုအပေါ် တရုတ်ကွန်မြူနစ်ပါတီသည် (၁၉)ကြိမ်မြောက် ပြည်လုံးဆိုင်ရာညီလာခံတွင် အတူညှိနှိုင်း၊ အတူဆောက်လုပ်၊ အတူခံစားဟူသော ကမ္ဘာ့စီမံအုပ်ချုပ်ရေးအတွေးအခေါ်ကို တင်ပြခဲ့သည်။ နိုင်ငံတံခါးဖွင့်ပြီး ဆောက်လုပ်ရေးလုပ်ဆောင်ခြင်း၊ ကမ္ဘာ့လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေးကို တက်ကြွစွာဖွံ့ဖြိုးတိုးတက်ခြင်း၊ လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်သော ပြည်ပဆက်ဆံရေးတည်ဆောက်ခြင်းပေါ်လစီများကို တင်ပြခဲ့သည်။ တရုတ်အင်အားသည် ကမ္ဘာ့နိုင်ငံအသီးသီးကို ဂလိုဘယ်လ်ပေါင်းစည်းမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွင်းသို့ ပါဝင်နိုင်ရန် ထောက်ကူပြုတွန်းတင်ပေးနိုင်မည်ဟု ဩစတြေးလျ New South Walesတက္ကသိုလ် လက်ထောက်ကျောင်းအုပ်ကြီး လောက်လီ • ဖအယ်ရှီးက ထင်မြင်ကြောင်းပြောကြားခဲ့သည်။

ဤသတင်းစာအထွေထွေ

# ကူမင်းမြို့တွင်၂၀၁၇ခုနှစ်တရုတ်နိုင်ငံတကာခရီးသွားလာရေးဆိုင်ရာကုန်စည်ပြပွဲကိုကျင်းပခဲ့

နိုဝင်ဘာလ(၁၇)ရက်နေ့က ကူမင်းမြို့တွင် အချိန်(၃)ရက်ကြာကျင်းပသော ၂၀၁၇ခုနှစ် တရုတ်နိုင်ငံတကာခရီးသွားလာရေးဆိုင်ရာ ကုန်စည်ပြပွဲ (အောက်တွင် "ခရီးသွားလာရေးပြပွဲ"ဟု အတိုချုံးရေးသားသည်) ဖွင့်လှစ်ခဲ့သည်။



အာရှတိုက်ဒေသတွင် အချိုးအစားအကြီးမားဆုံးသော ကျွမ်းကျင်မှုပုံစံရှိခရီးသွားပြပွဲဖြစ်သော တရုတ်နိုင်ငံတကာခရီးသွားလာရေးပြပွဲ(CITM)သည် ၁၉၉၈ခုနှစ်ကစကျင်းပချိန်မှစပြီး ကမ္ဘာ့ခရီးသွားလာရေးလောကလူပုဂ္ဂိုလ်၏ ဂရုစိုက်မှုကိုရရှိသည်။ ၂၀၀၁ခုနှစ်ကစပြီး ပွဲတော်ကို ရှန်ဟဲနှင့်ကူမင်းမြို့တို့တွင် နှစ်စဉ်အလှည့်ကျ ကျင်းပလျက်ရှိနေပါသည်။

ယခုအကြိမ် ခရီးသွားလာရေးပြပွဲ၏ ပြခန်းမျက်နှာပြင်သည် စတုရန်းမီတာ(၇)သောင်းရှိကြောင်း သိရသည်။ ခရီးသွားပုံရိပ်ပြခန်း၊ ခရီးသွားကုန်ပစ္စည်းပြခန်း၊ ကျန်းမာရေးခရီးသွားပြခန်း၊ အားကစားခရီးသွားပြခန်း စသည်တို့အပါအဝင် စံနှုန်းမီပြသနေရာ(၃၇၀၀)ခန့်ရှိပါသည်။

ခရီးသွားလာရေးပြပွဲ ကျင်းပစဉ် တရုတ်နိုင်ငံ ရှန်ဂရီလာခရီးသွားကြော်ငြာရေးအသင်းညီလာခံပွဲ၊ ရှန်ဂရီလာညခရီးသွားရေးပြပွဲ ဖွင့်ပွဲအခမ်းအနားနှင့် ပြည်တွင်းပြည်ပ ဧည့်သည်များပြတိုက်၊ လန်ချန်မြစ်-မဲခေါင်မြစ်ဝှမ်းဒေသ ခရီးသွားမြို့ ဖွံ့ဖြိုးတိုးတက်ရေး သုတေသနအစည်းအဝေး၊ တရုတ်-အာဆီယံ ခရီးသွားပူးပေါင်းဆောင်ရွက်ရေးပိတ်ပွဲအခမ်းအနား၊ အရောင်းအဝယ်ကျွမ်းကျင်မှုဆိုင်ရာဆွေးနွေးပွဲစသည့် အရေးပါလှုပ်ရှားမှုများကို လုပ်ဆောင်ခဲ့သည်။ "၂၀၁၇ခုနှစ်ပိုးထည်လမ်း ခရီးသွားလာရေးအထိမ်းအမှတ်နှစ်"၏ ခေါင်းစဉ်ကိုဝိုင်းရံပြီး ခရီးလမ်းကြောင်းအသစ်၊ ခရီးသွားကုန်ပစ္စည်းအသစ်များကို တိုးများကြော်ငြာမည်ဖြစ်သည်။ ထို့အပြင်ယခုအကြိမ် ခရီးသွားလာရေးပြပွဲတွင် ပထမအကြိမ် အားကစားခရီးသွားခေါင်းစဉ်ပြတိုက်ကို တည်ထောင်ထားခြင်းဖြစ်သည်။